**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ်၊ PPD / PQ /၂၀၂၆ ( ၂၄၁ )
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်

အကြောင်းအရာ။ **ပြည်ပနိုင်ငံများသို့ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်ပို့နိုင်ရန် ထုတ်ပေးသော ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်နှင့် တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်များ ပေးချေရမည့်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ စိုက်ပျိုးရေးဦးစီးဌာန၏ (၉-၄-၂၀၂၆) ရက်စွဲပါစာအမှတ်၊ ပမဖ-၁၀ (ခ) / (၄၈၂ / ၂၀၂၆)

စိုက်ပျိုးရေးဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆) အရ ပြည်ပသို့တင်ပို့မည့် အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း (Phytosanitary Certificate – PC) နှင့် ပြည်ပမှတင်သွင်းမည့် အပင်နှင့် အပင်ထွက်ပစ္စည်းများအား တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း (Import Certificate – IC) နှုန်းထားများအား ယခင် ၃၀၀၀၀ ကျပ်အစား ယခု ၇၀၀၀၀ ကျပ်သို့ ပြင်ဆင်သတ်မှတ်ချက်အပေါ် သိရှိလိုက်နာဆောင်ရွက်ရန် အသိပေး အကြောင်းကြားပါသည်။

(ဇော်လင်း)
ညွှန်ကြားရေးမှူး

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်
မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း
မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံ ကော်ဖီအသင်း

မြန်မာနိုင်ငံသစ်သီးဝလံ၊ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ၊စီမံကိန်း၊ငွေစာရင်း)/(တိုင်းဒေသကြီး/ပြည်နယ်)/(နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန

တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

နယ်စပ်စခန်းတာဝန်ခံများအားလုံး

ရုံးလက်ခံ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## စိုက်ပျိုးရေးဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ် ( ၁၀ /၂၀၂၆ )

၁၃၈၈ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၂၆ ခုနှစ် ၊ ဧပြီလ ၉ ရက် )

**ပြည်ပနိုင်ငံများသို့ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်ပို့နိုင်ရန် ထုတ်ပေးသော ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်နှင့် တင်သွင်းနိုင်ရန်ထုတ်ပေးသော တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်များအတွက် ပေးချေရမည့် နှုန်းထားများအား ပြင်ဆင်သတ်မှတ်ခြင်း**

၁။ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စိုက်ပျိုးရေးဦးစီးဌာန၊သီးနှံကာကွယ်ရေးဌာနခွဲမှ အောက်ပါလုပ်ငန်းဆောင်ရွက်ခနှုန်းထားများကို ယှဉ်တွဲဖော်ပြပါအတိုင်း ကောက်ခံရန် ပြင်ဆင်သတ်မှတ်လိုက်သည်။

| စဉ် | အကြောင်းအရာ | ပြင်ဆင်ကောက်ခံရန်နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | ပြည်ပသို့တင်ပို့မည့် အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်ထုတ်ပေးခြင်း (Phytosanitary Certificate- PC) | ၇၀၀၀၀ | ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်တစ်စောင်အတွက် |
| ၂ | ပြည်ပမှတင်သွင်းမည့် အပင်နှင့် အပင်ထွက်ပစ္စည်းများအား တင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးခြင်း (Import Certificate-IC) | ၇၀၀၀၀ | တင်သွင်းခွင့်လက်မှတ်တစ်စောင်အတွက် |

၂။ ဤအမိန့်ကြော်ငြာစာအား စိုက်ပျိုးရေးဦးစီးဌာန၏ ၂၈-၁-၂၀၂၆ ရက်တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်ခြင်းဖြစ်သည်။

၃။ စိုက်ပျိုးရေးဦးစီးဌာန၏ ၉-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၀၀၁ / ရေး-၈ / ၂၀၁၈ (၁၈၇) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

၄။ ဤအမိန့်သည် ၁-၅-၂၀၂၆ ရက် မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာရဲတင့်ထွန်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ပမဖ-၁၀ (ခ) /( ၄၈၂ / ၂၀၂၆ )
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
သက်ဆိုင်ရာကုမ္ပဏီများ(အားလုံး)

မိတ္တူကို

ဒုတိယညွှန်ကြားရေးမှူးချုပ် ( စီမံ၊ စီမံကိန်း၊ ငွေစာရင်း ) / ( တိုင်းဒေသကြီး/ပြည်နယ် ) / (နည်းပညာ)
ညွှန်ကြားရေးမှူး (မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ)
ရုံးအမိန့်စာတွဲ / ရုံးလက်ခံ / မျှော